**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org

# လစဉ်သတင်းလွှာ ဇွန်လ ၂၀၁၇



ကရင်ပြည်နယ်၊ ဘားအံမြို့တွင် ကျင်းပပြုလုပ်သောလူ့အခွင့်အရေး၊ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့်အသွင်ကူး ပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်း

## အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းပို့ချခြင်း

**ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူ့အခွင့်အရေး၊ လူ့အခွင့်အရေး မှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု သင်တန်းများပို့ချပေးခြင်း**

လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှုသင်တန်းကို နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ လစဉ် ပို့ချပေးလျက်ရှိရာ ဇွန်လတွင်းတွင် ကရင်ပြည်နယ်၌ ၁၂ ရက်ကြာသင်တန်းတစ်ခုနှင့် ၁၁ ရက်ကြာ သင်တန်းတစ်ခု၊ ရှမ်းပြည်နယ်၌ ၁၁ ရက်ကြာ သင်တန်းတစ်ခုတို့ကို ပို့ချပေး နိုင်ခဲ့သည်။ ကရင်ပြည်နယ်တွင် ပို့ချခဲ့သော သင်တန်းကို ဘားအံမြို့၊ ဒေါင်ခန်းမတွင် ဇွန်လ ၃ ရက်နေ့မှ ၁၄ ရက်နေ့ထိလည်းကောင်း၊ ကော့ကရိတ်မြို့နယ်တွင် ဇွန်လ ၁၆ ရက်နေ့မှ ၂၆ ရက်နေ့ထိ လည်းကောင်း၊ ရှမ်းပြည်နယ်၌ ပို့ချသော သင်တန်းကို ကျောက်မဲမြို့နယ်တွင် ဇွန်လ ၉ ရက်နေ့မှ ၁၉ ရက်နေ့ထိလည်းကောင်း ကျင်းပပြုလုပ်ပေးနိုင်ခဲ့သည်။

ဘားအံမြို့၊ ဒေါင်ခန်းမတွင် ကျင်းပခဲ့သော သင်တန်း၌ သင်တန်းနည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်းနည်းပြ မဇွန်ပန်း နှင့် လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းနည်းပြ ကို စိုင်းမြင့်သူတို့မှ သင်တန်းပို့ချပေးခဲ့သည်။ ကရင်လူငယ်အဖွဲ့အစည်း(KYO)၊ ကရင်ကျောင်းသားသမဂ္ဂ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD)၊ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း(AAPP)၊ ကျုံဒိုးလူငယ်ကွန်ရက်တို့မှ အဖွဲ့ဝင်များအပါအဝင် စုစုပေါင်း သင်တန်းသား ၂၇ ဦး သင်တန်း တက်ရောက်ခဲ့သည်။ သင်တန်းတက်ရောက်သူများမှာ လူငယ်များ ၊ ကျောင်းသား/ကျောင်းသူများနှင့် ကရင်ပြည်နယ် ဗဟိုပြုအဖွဲ့များမှ ဦးဆောင်နေသူများဖြစ်ကြပြီး ဗမာ၊ ကရင်နှင့် မွန် တိုင်းရင်းသားများဖြစ်ကြသည်။

ကော့ကရိတ်မြို့နယ်တွင်ကျင်းပခဲ့သော သင်တန်း၌ သင်တန်း နည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်း နည်းပြ ကိုစောသန်းလှိုင်၊ လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းနည်းပြ ကိုကျော်ဦးတို့မှ သင်တန်းပို့ချပေးခဲ့သည်။ ကျောင်းသားများ၊ ဒေသခံများ၊ လူမှုကူညီရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အမျိုးသမီး စွမ်းရည်မြှင့်အဖွဲ့မှ အဖွဲ့ဝင်များအပါဝင် စုစုပေါင်း သင်တန်းသား ၃၂ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတက်ရောက်သူများမှာ ဗမာ၊ ကရင်နှင့် မွန် တိုင်းရင်းသားများဖြစ်ကြသည်။

ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်တွင် ကျင်းပခဲ့သော သင်တန်း၌ သင်တန်းနည်းပြများအဖြစ် လူ့အခွင့်အရေးသင်တန်း နည်းပြ ကိုနေဝန်း၊ လူ့အခွင့်အရေး၊ လူ့အခွင့်အရေးမှတ်တမ်းတင်ခြင်းနှင့် အသွင်ကူးပြောင်းရေးဆိုင်ရာတရားမျှတမှုသင်တန်းနည်းပြ ကိုကျော်ဦးတို့မှ ဆောင်ရွက်ခဲ့သည်။ တအာင်းလူငယ်များ၊ ရှမ်းလူငယ်များ၊ ဒေသခံများ၊ တောင်သူလယ်သမားသမဂ္ဂအဖွဲ့ဝင်များ၊ Never End Tomorrow အဖွဲ့မှ အဖွဲ့ဝင်များအပါဝင် စုစုပေါင်း သင်တန်းသား ၂၂ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းတက်ရောက်သူများမှာ ရှမ်း၊ တအာင်း၊ ကချင်၊ ဗမာ၊နှင့် ရှမ်း-ဗမာ တိုင်းရင်းသားများ ဖြစ်ကြသည်။

သင်တန်းပို့ချပေးခဲ့သော မြို့နယ်များ၌ လူ့အခွင့်အရေးချိုးဖောက်မှုများကို ရင်ဆိုင်နေကြရသည်။ ကရင်ပြည်နယ်တွင် လယ်ယာမြေသိမ်းဆည်းခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲခြင်း၊ အဂတိလိုက်စားခြင်း၊ အဓမ္မလုပ်အားပေး ခိုင်းစေခြင်း၊ ရှမ်းပြည်နယ်တွင် မတရားဖမ်းဆီးချုပ်နှောင်ခြင်၊ လယ်ယာမြေ သိမ်းဆည်းခြင်း၊ လွတ်လပ်စွာ သွားလာခွင့်မရခြင်းစသည့် လူ့အခွင့် အရေးချိုး ဖောက်မှုများကို ရင်ဆိုင်၊ ကြုံတွေ့နေရသည်။

သင်တန်းပို့ချခြင်း၏ ရည်ရွယ်ချက်သည် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ကြသူများကို အားပေးမြှင့်တင်ရန်နှင့် အသိပညာ များရရှိလာရန် ရည်ရွယ်၍ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းဖြစ်သည်။

## စည်းရုံးလှုံ့ဆော်ခြင်းနှင့်တိုက်တွန်းခြင်း

### ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် AAPP တွေ့ဆုံ ဆွေးနွေး

ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) မှ တွဲဘက်အတွင်းရေးမှူး ဦးဘိုကြည်နှင့် AAPP ရန်ကုန်ရုံး တာဝန်ခံ ဦးအောင်မျိုးကျော်တို့သည် ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းအား သွားရောက်တွေ့ဆုံခဲ့ပြီး နိုင်ငံရေး အကျဉ်းသားဟောင်းများ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆွေးနွေးခဲ့ရာ ဝန်ကြီးမှ ကြိုးစား ဆောင်ရွက်ပေးမည့်အကြောင်း ပြန်လည် ပြော ကြားခဲ့ပါသည်။



ရန်ကုန်တိုင်း ဒေသကြီး အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် တွေ့ဆုံ၊ ဆွေးနွေး

### MNHRC တာဝန်ရှိသူများ နှင့် တွေ့ဆုံ ဆွေးနွေး

ဇွန်လ ၆ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင် (MNHRC) မှ ကော်မရှင်နာများဖြစ်သော ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်၊ ညွှန်ကြားရေးမှူးချုပ် ဦးဖုန်းကြွယ်၊ ညွှန်ကြားရေးမှူး ဦးသူရကျော်၊ လူ့အခွင့်အရေးအရာရှိ ဦးရဲနောင်လွင်တို့သည် နိုင်ငံရေးအကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP) သို့ လာရောက်လည်ပတ်ခဲ့ပြီး AAPP ၏ ပြခန်းအား ကြည့်ရှုခဲ့ကြသည်။ ထို့နောက် AAPP ဖွဲ့စည်းပေါ်ပေါက်လာပုံ၊ ဖွဲ့စည်းရခြင်း၏ ရည် ရွယ်ချက်၊ ရည်မှန်းချက်များ၊ AAPP လက်ရှိလုပ်ဆောင်နေသော ဆောင်ရွက်မှုများ၊ စသည်တို့အား AAPP မှ တာဝန်ရှိသူများမှ ရှင်းလင်းဆွေးနွေးပြီး၊ ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများကိစ္စ၊ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့ ပူးပေါင်းလုပ်ဆောင်နိုင်မည့် အခန်းကဏ္ဍများအား ရင်းနီးပွင့်လင်းစွာ ဆွေးနွေးကြပါသည်။



MNHRC တာဝန်ရှိသူများနှင့် AAPP အဖွဲ့ဝင်များ တွေ့ဆုံ၊ ဆွေးနွေး

## စိတ်ဓာတ်ပြန်လည် မြှင့်တင်ရေးအစီအစဉ်

ဇွန်လတွင်း အပတ်စဉ် တနင်္လာနေ့တိုင်း နိုင်ငံရေး အကျဉ်း သားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ စိတ်ပိုင်းဆိုင်ရာ ပြန်လည်မြှင့်တင်ရေး (နှစ်သိမ့်ဆွေးနွေးရေး) အစီအစဉ်မှ ကောင်ဆယ်လာများသည် ၄က်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ သွားရောက်လည်ပတ်ခဲ့ပြီး ကလိုင်းယန့် များကို နှစ်သိမ့်ဆွေးနွေးပေးခဲ့သည်။ AAPP ကောင်ဆယ်လာ ငါးဦးသည် သင်တန်းကျောင်းရှိ ကလိုင်းယန့် ၁၀ ဦးအား နှစ်သိမ့်ဆွေးနွေးပေးနိုင်ခဲ့သည်။ ထိုမျှသာမက အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း AAPP ကောင်ဆယ်လာ လေးဦးသည် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ကလိုင်းယန့် ရှစ်ဦး၊ ကောင်ဆယ်လာ နှစ်ဦးသည် အမျိုးသမီး သက်မွေး အတတ်သင်ကျောင်းမှ ကလိုင်းယန့် လေးဦးတို့အား နှစ်သိမ့်ဆွေးနွေးပေးခဲ့သည်။

## အထွေထွေလှုပ်ရှားမှုများ

### နိုင်ငံရေးအကျဉ်းသား ရှစ်ဦးအတွက် ထောက်ပံ့ငွေများပေးအပ်

ဇွန်လတွင်းတွင် နိုင်ငံရေး အကျဉ်းသားများ ကူညီ စောင့်ရှောက်ရေးအသင်း (AAPP)ကိုယ်စား အင်းစိန် နိုင်ငံရေးအကျဉ်းသားဟောင်းများမှ ကိုအောင်မျိုးသူအပါအဝင် အင်းစိန်ထောင်အတွင်းရှိ နိုင်ငံရေးအကျဉ်းသား ရှစ်ဦးအတွက် ထောက်ပံ့ငွေများကို အကျဉ်းထောင်တာဝန်ရှိသူထံသို့ ပေးအပ်ခဲ့သည်။

### အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး လက်စွဲစာအုပ် မိတ်ဆက်ပွဲ

ဇွန်လ ၁၁ ရက်နေ့၊ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ တော်ဝင်နှင်းဆီစားသောက်ဆိုင်၌ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ထုတ်ဝေသည့် အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေး လက်စွဲစာအုပ် မိတ်ဆက်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပါသည်။ AAPP အဖွဲ့ဝင်များ၊ အရပ် ဘက်လူမှု့ အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။ လက်ရှိအခြေအနေတွင် အကျဉ်းထောင်များနှင့် ပတ်သက်ပြီး တရားဝင် စစ်ဆေးနိုင်သော အဖွဲ့များ ရှိနေပြီးဖြစ်သောကြောင့် ထိုသို့သော အဖွဲ့များမှ တာဝန်ရှိသူများအတွက် အထောက်အကူပြုရန်

ရည်ရွယ်၍ အကျဉ်းထောင်နှင့် ပတ်သက်ပြီး စစ်ဆေးမေးမြန်းသင့်သည်များကို နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ ထုတ်ဝေပေးလိုက်ပါသည်။




အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေးလက်စွဲစာအုပ်မိတ်ဆက်ပွဲ
အခမ်းအနားတွင် AAPP အတွင်းရေးမှူး ဦးတိတ်နိုင်နှင့် တွဲဘက်
အတွင်းရေး ဦးဘိုကြည်တို့မှ ရှင်းလင်း ပြောကြား

**အပြည်ပြည်ဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုပပျောက်ရေးနေ့ အခမ်းအနား ကျင်းပ**

ဇွန်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့တော် ဂင်နင်းဆီခန်းမ၌ အပြည်ပြည်ဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုပပျောက်ရေးနေ့ အခမ်းအနားကို နိုင်ငံရေးအကျဉ်း သားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP)၊ လူ့အခွင့်အရေး မှတ်တမ်းကွန်ရက်(ND-Burma)၊ အမျိုးသမီးများအဖွဲ့ချုပ် (WLB)၊ ဝိမုတ္တတိ အမျိုးသမီးများအဖွဲ့ ( VWO )နှင့် အာရှတရားမျှတမှုနှင့် အခွင့်အရေး (AJAR)အဖွဲ့အစည်းတို့မှ ဦးဆောင်ကျင်းပခဲ့သည်။ ဒေသအသီးသီးမှ ညှဉ်းပန်း နှိပ်စက်မှုနှင့် ရင်ဆိုင် ခဲ့ရသည့် အမျိုးသမီးများမှ ၎င်းတို့၏ အတွေ့အကြုံ ရှင်းလင်း ပြောကြားခဲ့သည်။ ထို့ပြင် အခမ်းအနား၌ ကမ္ဘာ့ကုလသမဂ္ဂ ညှင်းပန်းနှိပ်စက်မှု ဆန့်ကျင်ရေးစာချုပ် (UNCAT)ကိုမြန်မာဘာသာဖြင့် ဖြန့်ဝေခဲ့သည်။

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေး**

ဇွန်လ ၂၉ ရက်နေ့တွင် Summit Park View Hotel ၌ပြုလုပ်သော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများဆွေးနွေးပွဲ (Human Right Defender Forum) "Legal Framework and Initiative to Stop Torture in Myanmar " တွင် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း(AAPP)မှ ရန်ကုန်ရုံးတာဝန်ခံ ကိုအောင်မျိုးကျော်မှ မြန်မာနိုင်ငံတွင်းရှိ ညှဉ်းပန်းနှိပ်စက်မှုအခြေအနေ၊ ကာကွယ်ပေးနိုင် ရေးယန္တရား၊ ညှဉ်းပန်း နှိပ်စက်မှုအပေါ် ကာကွယ်တားဆီးရန် AAPP၏ လုပ်ဆောင်မှုများ၊ ကမ္ဘာ့ကုလသမဂ္ဂ ညှဉ်းပန်း နှိပ်စက်မှု ဆန့်ကျင်ရေးသဘောတူစာချုပ် (UNCAT) နှင့် ပတ်သတ်ပြီး အစိုးရမှ လက်မှတ်ထိုးနိုင်ရန် AAPP ၏ ကြိုးပမ်းဆောင်ရွက်နေမှုများ စသည်တို့အား ဆွေးနွေးပြောကြားခဲ့သည်။

**ဆက်သွယ်မေးမြန်းရန်**
**နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း**
**တိတ်နိုင် အတွင်းရေးမှူး +၆၆(၀) ၈၁၂ ၈၇၈ ၇၅၁**
**ဦးဘိုကြည် တွဲဘက်အတွင်းရေးမှူး +၉၅(၀) ၉၄၂၅၃၀ ၈၉၄၀**
**ဦးအောင်မျိုးကျော် ရန်ကုန်ရုံးတာဝန်ခံ +၉၅(၀) ၉၄၂ ၈၁၁ ၇၃၄၈**